သုံးစွဲသူများအတွက် ရေ၊ မီး ဝန်ဆောင်မှုပေးသူများ ပေါင်းစည်းမှု

citizens energy group | aes Indiana

## အင်ဒီယားနား အလယ်ပိုင်း-

# မည်သည့် ရေဖိုး၊ မီးဖိုး ထောက်ပံ့ငွေကို ရရှိနိုင်ပြီး မည်သို့လျှောက်ထားရမည်နည်း။

ရေဖိုး၊ မီးဖိုး ဘေလ်များသည် သုံးစွဲသူများအတွက် ငွေကြေးအခက်အခဲဖြစ်စေနိုင်သည်ကို Citizens Energy Group—ဒေသတွင်း သဘာဝဓာတ်ငွေ့၊ ရေနှင့် ရေဆိုးရေညစ် ဝန်ဆောင်မှုပေးသူ—နှင့် AES Indiana—ဒေသတွင်း လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုပေးသူ—တို့က နားလည်ပါသည်။ သင့်ဘေလ်များကို ပေးဆောင်ရန် စိတ်ပူနေပါက ကူညီပေးနိုင်သည့် ဖက်ဒရယ်နှင့် ဒေသတွင်း အထောက်အပံ့ အစီအစဉ်များ ရှိပါသည်။

**အကြံပြုချက်-** အထောက်အပံ့ အစီအစဉ်အများစု၏ ခံစားခွင့်ပြည့်မီမှုသည် အိမ်ထောင်စု ဝင်ငွေပေါ် အခြေခံသည်။ သင်၏ ယခင် သုံးလစာ စုစုပေါင်းဝင်ငွေကို သိထားခြင်းသည် သင်နှင့် သင့်တော်မည့်အစီအစဉ်ကို ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေပါလိမ့်မည်။

## စတင်ခြင်း- EAP

ရေဖိုး၊ မီးဖိုး ဘေလ်များနှင့်ပတ်သက်၍ အထောက်အပံ့ ရှာဖွေနေသော ပြည်သူများအတွက် အကောင်းဆုံး ပထမအဆင့်မှာ ဖက်ဒရယ် EAP အစီအစဉ်ဖြစ်သည်။ အခြားအစီအစဉ်များ ရှိနိုင်သော်လည်း ၎င်းတို့သည် EAP လျှောက်လွှာ၏ ရလဒ်များကို တောင်းဆိုလေ့ရှိသည်။ အောက်တွင် EAP ကို စတင်ခြင်းအကြောင်း ပိုမိုလေ့လာပါ။

### စွမ်းအင် အထောက်အပံ့အစီအစဉ် (Energy Assistance Program, EAP)

EAP သည် ဖက်ဒရယ်၏ ငွေကြေးထောက်ပံ့မှုကို ရရှိထားသော တစ်ကြိမ်သုံး အကျိုးခံစားခွင့်အစီအစဉ်ဖြစ်ကာ အိမ်သုံး ရေ၊ မီး ကုန်ကျစရိတ်များအတွက် သင့်ကို ကူညီပေးနိုင်ပြီး သင် ဝန်ဆောင်မှုဖြတ်တောက်ခံရလျှင်ဖြစ်စေ၊ ဖြတ်တောက်ခံရခါနီးလျှင်ဖြစ်စေ ကူညီနိုင်သည်။ EAP ကို ဝင်ငွေနည်း စွမ်းအင် အထောက်အပံ့ အစီအစဉ် (Low-Income Energy Assistance Program, “LIHEAP”) အဖြစ်လည်း ရည်ညွှန်းလေ့ရှိသည်။

**indyeap.org တွင် လျှောက်ထားပါ သို့မဟုတ်**

**သင်၏ EAP လျှောက်လွှာကို ဖြည့်စွက်ရန်အတွက်** ဖုန်းဖြင့်ပြောဆိုနိုင်ရန် အချိန်ဇယားစီစဉ်ပါ-

317-808-2378

| အိမ်ထောင်စုဝင် လူဦးရေ | လွန်ခဲ့သော 3 လ၏ စုစုပေါင်းဝင်ငွေသည် အောက်ဖော်ပြပါ ပမာဏထက်နည်းရမည်- |
|---|---|
| 1 | $8,059 |
| 2 | $10,539 |
| 3 | $13,018 |
| 4 | $15,498 |
| 5 | $17,978 |
| 6 | $20,458 |




### ရေ၊ မီး ဖြတ်တောက်မခံရစေရန် EAP ကို လျှောက်ထားပါ-

EAP အတွက် ခွင့်ပြုချက်ရရှိရန် သို့မဟုတ် ငြင်းဆိုခံရရန် ရက်သတ္တပတ်အနည်းငယ်ကြာနိုင်သော်လည်း EAP လျှောက်လွှာကို ဖြည့်စွက်ထားခြင်းက အင်ဒီယားနား၏ ဆောင်းတွင်း ဝန်ဆောင်မှုဖြတ်တောက်ဆိုင်းငံ့ကာလဖြစ်သော ဒီဇင်ဘာ 1 ရက်၊ 2024 မှ မတ်လ 15 ရက်၊ 2025 အတွင်း ရေ၊ မီး ဖြတ်တောက်ခံရခြင်းမှ သင့်အား ကာကွယ်ပေးပါမည်။ ဆိုင်းငံ့ကာလအတွင်း သင့်အကောင့်အတွက် ဝန်ဆောင်မှုဖြတ်တောက်မခံရစေရန် လျှောက်လွှာတင်ထားကြောင်း အထောက်အထား သို့မဟုတ် ခွင့်ပြုချက်စာကို AES Indiana ထံ aesindianaeap@aes.com သို့ အီးမေးလ်ပို့ခြင်း၊ Citizens Energy Group ထံ 317-924-3311 သို့ ခေါ်ဆိုခြင်းဖြင့် ပေးပို့ရမည်။

EAP အတွက် ခွင့်ပြုချက်ရရှိပါက သင်သည် ဇူလိုင်လမှစတင်၍ တစ်လလျှင် $6 မှ $15 အထိ သက်သာသည့် ရေဆိုးရေညစ်ဝန်ဆောင်မှုဘေလ်များ ရစေရန် ကူညီပေးမည်ဖြစ်သော Citizens Energy Group ၏ ဝင်ငွေနည်း သုံးစွဲသူ အထောက်အပံ့ အစီအစဉ် (Low-Income Customer Assistance Program, LICAP) ထံမှ အထောက်အပံ့ကို ရရှိမည်ဖြစ်သည်။ ၎င်းအပြင် မေလအထိ သင်၏ ဂတ်စ်ဘေလ်တွင် Citizens ထံမှ 10-25% လျှော့ဈေးကို အလိုအလျောက် ရရှိပါမည်။

## အဓိက EAP ရက်စွဲများ-

- **2024 ခုနှစ်၊ အောက်တိုဘာလ 1 ရက်-** အွန်လိုင်းနှင့် စာတိုက်မှတစ်ဆင့် လျှောက်လွှာများကို ယခုလက်ခံပါပြီ။
- **2024 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်-** ပြည်နယ်အနှံ့ ရေ၊ မီး ဖြတ်တောက် ဆိုင်းငံ့ကာလ စတင်သည်။
- **2025 ခုနှစ်၊ မတ်လ 15 ရက်-** ရေ၊ မီး ဖြတ်တောက် ဆိုင်းငံ့ကာလ ပြီးဆုံးသည်။
- **2025 ခုနှစ်၊ ဧပြီလ 14 ရက်-** လျှောက်လွှာတင်ရန် နောက်ဆုံးရက်။

**ထပ်ဆောင်း အထောက်အပံ့ အစီအစဉ်များ**

## United Way of Central Indiana ၏ ဆောင်းတွင်း အထောက်အပံ့ရန်ပုံငွေ (Winter Assistance Fund, WAF)

United Way of Central Indiana ၏ ထောက်ပံ့မှုရရှိထားသော WAF သည် မြင့်တက်လာသော ရေ၊ မီး ကုန်ကျစရိတ်များအတွက် ရုန်းကန်နေရသော်လည်း Indiana EAP အတွက် သတ်မှတ်ချက်မပြည့်မီသည့် Marion ကောင်တီသူ၊ ကောင်တီသားများအတွက် ဖြစ်ပါသည်။

uwci.org/waf တွင် သင့်အနီးရှိ လျှောက်ထားနိုင်သည့် နေရာကို ရှာပါ။ ဒေသတွင်းရှိ လျှောက်လွှာများကို လက်ခံနေသည့် နေရာများအကြောင်း ပိုမိုသိရှိရန် 2-1-1 သို့လည်း ခေါ်ဆိုနိုင်သည်။

ဆောင်းတွင်း အထောက်အပံ့ရန်ပုံငွေ အစီအစဉ်ကာလသည် ဇန်နဝါရီလ 1 ရက်၊ 2025 မှ မေလ 31 ရက်၊ 2025 အထိ ဖြစ်သည်။

WAF အတွက် ခွင့်ပြုချက်ရသည်ဖြစ်စေ၊ ငြင်းဆိုခံရသည်ဖြစ်စေ သင်သည် AES Indiana ၏ Power of Change နှင့် Citizens' Warm Heart Warm Home Foundation™ ထံမှ အထောက်အပံ့ကိုလည်း လျှောက်ထားနိုင်ပါသေးသည်။

United Way of Central Indiana

### WAF ဝင်ငွေ သတ်မှတ်ချက်ပြည့်မီမှု အပိုင်းအခြား

| အိမ်ထောင်စုဝင် လူဦးရေ | လွန်ခဲ့သော 3 လ၏ စုစုပေါင်း ဝင်ငွေသည် အောက်ပါအပိုင်းအခြားအတွင်းဖြစ်ရမည်- |
|---|---|
| 1 | $8,060 - $8,471.25 |
| 2 | $10,540 - $11,497.50 |
| 3 | $13,019 - $14,523.75 |
| 4 | $15,499 - $17,550 |
| 5 | $17,979 - $20,576.25 |
| 6 | $20,459 - $23,602.50 |

## Citizens Energy Group

Warm Heart Warm Home Foundation™ (WHWH) သည် ရေဖိုး၊ မီးဖိုးဘေလ်များ ပေးဆောင်ရာတွင် အခက်အခဲရှိသူများအား ငွေကြေးအထောက်အပံ့ ပေးအပ်လျက်ရှိသည့် Citizens ၏ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် အဖွဲ့အစည်းဖြစ်သည်။ WHWH ထောက်ပံ့ငွေများသည် သုံးစွဲသူများ ရေ၊ မီး ဝန်ဆောင်မှုများကို ဆက်လက်ရရှိစေပြီး ရက်ကျော်သွားသည့် ဘေလ်များကို အလျော့မီအောင် ပေးနိုင်စေသည်။

Citizens ဖုန်းနံပါတ် 317-924-3311 သို့ ခေါ်ဆို၍ လျှောက်ထားပါ။

### WHWH ဝင်ငွေ သတ်မှတ်ချက်ပြည့်မီမှု

| အိမ်ထောင်စုဝင် လူဦးရေ | လွန်ခဲ့သော 3 လ၏ စုစုပေါင်း ဝင်ငွေသည် အောက်ဖော်ပြပါ ပမာဏအတွင်း ကျရောက်ရမည်- |
|---|---|
| 1 | $8,060 - $9,402 |
| 2 | $10,540 - $12,296 |
| 3 | $13,020 - $15,189 |
| 4 | $15,500 - $18,082 |
| 5 | $17,979 - $20,975 |
| 6 | $20,459 - $23,868 |

citizens energy group™

Citizens က သုံးစွဲသူအား ဘေလ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် ကူညီသည့် အခြားနည်းလမ်းများတွင် အောက်ပါတို့ ပါဝင်သည်-

- **လိုတိုးပိုလျှော့ ငွေပေးချေမှု အစီအစဉ်များ-** သင့်ဘေလ်ကို အလျော့မီအောင် ပြန်ပေးဆောင်နိုင်စေရန် စီစဉ်ပါ။ Citizens ဖုန်းနံပါတ် 317-924-3311 သို့ ခေါ်ဆိုပါ။
- **ဘတ်ဂျက်သတ်မှတ်၍ ငွေပေးဆောင်ခြင်း-** လစဉ် သင်ပေးစရာရှိသည်များကို သိရှိရန် စာရင်းသွင်းပါ။
- **ချွေတာရေး သိကောင်းစရာများ-** သင့်ဘေလ်ကို လျှော့ချရန်အတွက် အိမ်တွင် စွမ်းအင်နှင့် ရေကို ချွေတာပါ။ သိကောင်းစရာများကို citizensenergygroup. com/My-Home/Conserve-Save တွင် ရှာပါ

## AES Indiana

ကိုယ်ကျိုးမဖက် အများအကျိုးအတွက်ဖြစ်သော Dollar Energy Fund က စီမံခန့်ခွဲသည့် AES Indiana အစီအစဉ်တစ်ခုဖြစ်သော Power of Change သည် EAP သို့မဟုတ် WAF ၏ ခွင့်ပြုချက်ရထားသည်ဖြစ်စေ၊ ငြင်းဆိုခံထားရသည်ဖြစ်စေ ဝင်ငွေသတ်မှတ်ချက်ပြည့်မီသော သုံးစွဲသူများအား မီတာဘေလ်အတွက် တစ်ကြိမ်ထောက်ပံ့ငွေကို ပံ့ပိုးပေးသည်။

သင်သည် EAP အတွက် ဦးစွာလျှောက်ထားရမည်ဖြစ်ပြီး အောက်ပါတို့မှ တစ်ဦးဖြစ်ရမည်- EAP သတ်မှတ်ချက်ပြည့်မီသူ သို့မဟုတ် SNAP၊ TANF၊ HIP သို့မဟုတ် Medicaid တွင် သတ်မှတ်ချက်ပြည့်မီကြောင်း အထောက်အထားရှိသူ။

AES Indiana တွင် ငွေပေးချေမှုဆိုင်ရာ အထောက်အပံ့အဖြစ် နည်းလမ်းများစွာ ရှိပါသည် (ညာဘက်တွင်)။ QR ကုဒ်ကို စကန်ဖတ်ပြီး စရိတ်သက်သာစေမည့် နည်းမျိုးစုံ ရှာဖွေကာ သင့်အတွက် အကဲဖြတ်မှုရယူရန် အချိန်စီစဉ်လိုက်ပါ။

aes Indiana

- **ငွေပေးချေရမည့်ရက်ကို တိုးပေးခြင်း-** 3 လ၊ 6 လ၊ 9 လနှင့် 12 လအစီအစဉ်များ ရှိပါသည်။
- **ဘတ်ဂျက်သတ်မှတ်၍ ငွေပေးဆောင်ခြင်း-** ရာသီအလိုက် ကျသင့်ငွေများသည့်လများနှင့် နည်းသည့်လများကို တွက်ချက်ချိန်ညှိပေးသည်။
- **စိတ်ကြိုက်သတ်မှတ်နိုင်သော ဘေလ်နောက်ဆုံးပေးဆောင်ရမည့်ရက်-** သင့်အတွက် အဆင်ပြေမည့် နောက်ဆုံးပေးဆောင်ရမည့်ရက်ကို ရွေးချယ်နိုင်စေသည်။
- **စွမ်းအင် ထိရောက်ချွေတာရေး အစီအစဉ်များ-** အနာဂတ်ငွေတောင်းခံလွှာများနှင့် ပတ်သက်၍ ကူညီနိုင်ရန် သင့်အတွက် အွန်လိုင်းမှဖြစ်စေ၊ အိမ်မှဖြစ်စေ အခမဲ့ စွမ်းအင်အကဲဖြတ်မှုလုပ်ရန် ရက်ချိန်းယူပေးသည်။